**Assistance Association for Political Prisoners (AAPP)**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

E-mail: info@aappb.org Website: www.aappb.org

- ၂၃၊ ဩဂုတ် ၂၀၂၄ ခုနှစ်

**နိုင်ငံရေးအကျဉ်းသူ/သားများ အသက်အန္တရာယ် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိ**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသူများ ရေချိုးသည့်အချိန်တွင် ရေချိုးသည့် နေရာသို့ အမျိုးသားထောင်ဝန်ထမ်းများ မကြာခဏ အဝင်အထွက်ပြုလုပ်နေသည့်အပေါ် မပြုလုပ်သင့်ကြောင်း အဆောင်မှူးထံ တိုင်ကြားရာမှ စကားများပြီး နိုင်ငံရေးအကျဉ်းသူများအား လေးခွများဖြင့် ပစ်ခတ်ခဲ့သဖြင့် နိုင်ငံရေးအကျဉ်းသူ ၈ ဦး ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ပြီး အခြား နိုင်ငံရေးအကျဉ်းသူများလည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ဩဂုတ်လ ၂၀ရက်နေ့ ညအချိန်တွင် အမျိုးသားထောင်ဝန်ထမ်းများပါဝင်သည့် ထောင်အာဏာပိုင်များသည် ဒိုက်ဦးအကျဉ်းထောင်ရှိ အမျိုးသမီးအဆောင်သို့ သေနတ်၊ ရာဘာတုတ်၊ ကျဉ်စက်၊ လေးခွစသည့် လက်နက်အပြည့်အစုံဖြင့် ဝင်ရောက်သွားခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

ထောင်အာဏာပိုင်များမှ ထိုကဲ့သို့ အမျိုးသားဝန်ထမ်းများကို အသုံးပြုကာ နိုင်ငံရေးအကျဉ်းသူများကို ဖိနှိပ်မှု ပြုလုပ်ခဲ့ရုံသာမက ယနေ့အထိ ညနက်အချိန်များ၌ လက်နက်အပြည့်အစုံဖြင့် အမျိုးသမီးဆောင်အတွင်းသို့ ဝင်ရောက်ခြင်းများ ပြုလုပ်နေကြသည့်အတွက် နိုင်ငံရေးအကျဉ်းသူများ၏ လုံခြုံရေး၊ အသက်အန္တရာယ်အတွက် များစွာ စိုးရိမ်စရာဖြစ်နေပါသည်။

ထို့အတူကျိုက်မရော အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသူများကို ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၅ရက်က ကျိုက်မရော အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသူ ၄၀ ကျော်ကို ဒိုက်ဦးအကျဉ်းထောင်သို့ ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် တရားမဝင်ပစ္စည်းများ တွေ့ရှိသည်ဟုဆိုကာ ဒိုက်ဦးအကျဉ်းထောင် အာဏာပိုင်များက အမျိုးသမီးဆောင်ကို သေနတ်များ ပစ်ဖောက်ခြင်း၊ ရိုက်နှက်ခြင်း၊ လေးဂွများဖြင့်ပစ်ခြင်း၊ အုတ်ခဲများဖြင့် ဝိုင်းပစ်ကာ အကြမ်းဖက်မှုများ ပြုလုပ်ခဲ့သဖြင့် နိုင်ငံရေးအကျဉ်းသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ ဒဏ်ရာများအား ဆေးကုသခွင့်မပေးဘဲ ရက်ပေါင်းများစွာ တိုက်ပိတ်ထားခြင်းများရှိခဲ့ပါသည်။

အလားတူပင် မှတ်တမ်းရုပ်ရှင်ဖန်တီးသူ နိုင်ငံရေးအကျဉ်းသား ကိုဖေမောင်စိမ်းသည် ဩဂုတ်လ ၁၉ ရက်နေ့လယ် ၂ နာရီက ရန်ကုန်မြို့ ဆာကူရာဆေးရုံ၌ ကွယ်လွန်ခဲ့ပါသည်။ ကိုဖေမောင်စိမ်းသည် စစ်ကြောရေးတွင် ရရှိခဲ့သည့် နံရိုးကျိုးသည့်ဒဏ်ရာအား လှိုင်ကော်ထောင်တွင် လုံလောက်သည့် ဆေးကုသခွင့်မရရှိခဲ့ဘဲ အရိုးတီဘီရောဂါကို ခံစားနေပြီး အခြေအနေ အလွန်ဆိုးရွားသည့်အချိန်မှ အင်းစိန်ထောင်သို့ပြောင်းရွှေ့ပေးကာ အင်းစိန်ဆေးရုံတွင် သံခြေကျဉ်းခတ်ထားပြီး ဆေးကုသပေးခဲ့ပါသည်။ ဆေးကုသရန်အချိန်နောက်ကျသွားပြီး ကွယ်လွန်ကာနီး ဩဂုတ်လ ၁၆ ရက်မှ လွှတ်ပေးလိုက်ပါသည်။ ကိုဖေမောင်စိမ်းသည် အဆိုပါရောဂါဖြင့် ဩဂုတ်လ ၁၉ ရက်နေ့တွင် မကွယ်လွန်သင့်ဘဲ ကွယ်လွန်သွားခဲ့ပါသည်။ ကိုဖေမောင်စိမ်းကဲ့သို့ အကျဉ်းထောင်များတွင် လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုမရသဖြင့် အသက်ဆုံးရှုံးခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား (၁၀၁) ဦး ရှိနေပြီဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံရေးအကျဉ်းသူ/သားများအပေါ် ပုံစံမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်နေသူများအား စနစ်တကျ မှတ်တမ်းတင်ဖော်ထုတ်ပြီး ကျူးလွန်မှုအဆင့်အလိုက် အပြစ်ပေးအရေးယူနိုင်သည်အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခံရသူ နိုင်ငံရေးအကျဉ်းသူ/သားများ၏ ပေးဆပ်မှု၊ စွန့်လွှတ်မှုများအတွက် တရားမျှတမှုရရှိနိုင်ရန်အတွက်လည်း မိမိတို့အနေဖြင့် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**အရေးတော်ပုံ မုချအောင်ရမည်**

**တရားမျှတမှု မုချရစေရမည်**

ပူးတွဲထုတ်ပြန်သည့်အဖွဲ့အစည်းများ -

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)
နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS)
မြန်မာနိုင်ငံလုံးဆိုင်ရာနိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM)
နိုင်ငံရေးအကျဉ်းသူများအဖွဲ့ (WOPP)
ထောင်ဝင်စာပို့ကြမယ်
နွေဦးတမာန် နိုင်/ကျဉ်းကူညီရေးအဖွဲ့